၁၁ ဇွန် ၂၀၁၄

ESSAR ကုမ္ပဏီ
ESSAR Technopark, Tower 2 off Bandra Kurla Complex
LBS Marg, Kurla (W) Mumbai
400070 Maharashtra
India

# ကုလားတန် စီမံကိန်း နှင့် ပတ်သက်၍ ESSAR ကုမ္ပဏီထံမှ သိလိုသည့် မေးခွန်းများ

ESSAR ကုမ္ပဏီမှ လက်ရှိအကောင်အထည်ဖော်နေသော ကုလားတန်ဘက်စုံစီမံကိန်း (Kaladan Multi-Modal Transit Transport Project) အပေါ် သိလိုသောမေးခွန်းများအား ကုလားတန်စီမံကိန်းကျရောလမ်းတလျှောက်တွင် နေထိုင်သောဒေသခံပြည်သူများ နှင့် ဆွေးနွေးတိုင်ပင်လျက် ကုလားတန်လှုပ်ရှားမှုအဖွဲ့ (Kaladan Movement) အနေဖြင့် စုဆောင်းထားခြင်းဖြစ်သည်။

ဒေသခံပြည်သူအများစုအနေဖြင့် ကုလားတန်စီမံကိန်း နှင့်ပတ်သက်၍ စီးပွားရေးအရအလားအလာရှိသည့် တိုးတက်ဖွံ့ဖြိုးမှုများကိုမျှော်ကိုးလျက် ကြိုဆိုကြသော်လည်း ESSAR ကုမ္ပဏီမှ အကောင်အထည်ဖော်နေသည့် ၎င်းစီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများအား ဒေသခံပြည်သူများအနေဖြင့် သိရှိနားလည်မှုများမရှိသည်ကို အတိအလင်းတွေ့မြင်နေရသည်။

ဤမေးခွန်းများအား ESSARကုမ္ပဏီထံပေးပို့ခြင်းသည် ဒေသခံပြည်သူများ မသိနားမလည်မှုနှင့် အရေးကြီးသောသတင်းအချက်အလက်များကို ရရှိစေလိုခြင်းကြောင့်ပင်ဖြစ်သည်။

ESSAR ကုမ္ပဏီမှ ဖြေကြားဖော်ပြသင့်သည့် မေးခွန်းများနှင့် အရေးကြီးသည့်အချက်အလက်များအား ဒေသခံပြည်သူများကို သိရှိနားလည်စေလိုခြင်းကြောင့် ဖြစ်သည်။

## (က) လူ့အခွင့်အရေး (Human Rights)

၁။ ESSARကုမ္ပဏီအနေဖြင့် ပြည်ပနိုင်ငံများရှိ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် ရင်းနှီး မြုပ်နှံမှုများပြုလုပ်သည့်အခါတွင် နည်းစနစ်ကျကျ ဂရုပြုလုပ်ဆောင်ရန် လူ့အခွင့်အရေးနှင့် ဆိုင်သည့် ပေါ်လစီနည်းလမ်းများရှိပါသလား။

၂။ ESSAR ကုမ္ပဏီအနေဖြင့် နိုင်ငံတကာမှ ပြဋ္ဌာန်ထားသောလူ့အခွင့်အရေးနှင့် ဆိုင်သည့် နိုင်ငံခြားရင်းနှီးမြုပ်နှံမှုစံချိန်စံညွှန်းအား ကျင့်သုံးပါသလား။ ၎င်းစံချိန်စံညွှန်းအား မြန်မာပြည်တွင်းရင်းနှီးမြုပ်နှံမှုတွင် ဘယ်လိုကျင့်သုံးလိုက်နာဆောင်ရွက်ပါသလဲ?။

## (ခ) ဌာနေတိုင်းရင်းသားများအခွင့်အရေး (Indigenous Rights)

၁။ ESSAR ကုမ္ပဏီအနေဖြင့် ဌာနေတိုင်းရင်းသားများအပါအဝင် ဒေသခံပြည်သူများ၊ အမျိုးသမီးများနှင့် လူမှုဘဝများအပေါ် တာဝန်ယူလုပ်ဆောင်မည့် လုပ်ငန်းလမ်းစဉ်များရှိပါသလား။

၂။ ESSAR ကုမ္ပဏီအနေဖြင့် ဒေသခံဌာနေတိုင်းရင်းသားများအပေါ် လွတ်လပ်စွာ ကြိုတင်အသိပေးအကြောင်းကြား သဘောထားရယူခြင်း(FPIC) ကို ပြုမူကျင့်သုံးမှုမရှိလျှင် ESSAR ကုမ္ပဏီမှ အကောင်အထည်ဖော်နေသည့် စီမံကိန်းအားရပ်တန့်ထားရန် မူဝါဒများရှိပါသလား။

၃။ ESSAR ကုမ္ပဏီအနေဖြင့် ကုလားတန်ဘက်စုံစီမံကိန်းသည် ဒေသတွင်း ဌာနေတိုင်းရင်းသားများ ၊ ပြည်သူများ၊ အမျိုးသမီးများ နှင့် လူမှုဘဝများအပေါ် အကျိုးရလဒ်ကောင်းများ ရရှိနိုင်လိမ့်မည်ဟုမျှော်မှန်းထားသလား။ အကျိုးရလဒ်ကောင်းများထွက်ပေါ်လာရန် မည်သည့် လုပ်ဆောင်မှုများရှိသနည်း။

## (ဂ) ဒေသခံပြည်သူများနှင့်ညှိနှိုင်းတိုင်ပင်ခြင်း (Community Consultation)

၁။ ESSARကုမ္ပဏီအနေဖြင့် ဒေသခံပြည်သူများအပေါ်တွင် စီမံကိန်းနှင့်သက်ဆိုင်သည့် သတင်း အချက်အလက် မျှဝေခြင်းနှင့် ဆွေးနွေးတိုင်ပင် မှုများကိုအချိန်ကာလသတ်မှတ်ချက်ဖြင့် လုပ်ဆောင်ရန် မူဝါဒများရှိပါသလား။

၂။ ကုလားတန်ဘက်စုံစီမံကိန်းအား အကောင်အထည်မဖော်မီကာလမှ စီမံကိန်းပြီးဆုံးသည့် အချိန်ထိ ESSAR ကုမ္ပဏီအနေဖြင့် မည်သည့် အရပ်ဘက်အဖွဲ့အစည်းများအား ပူးပေါင်းပါဝင်ရန်မျှော်မှန်းထားသနည်း။

## (ဃ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုဆန်းစစ်ချက် (Environmental Impact Assessment)

၁။ ESSAR ကုမ္ပဏီအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုဆန်းစစ်ချက်များ ပြုလုပ်ရန် မူဝါဒများရှိပါသလား။

၂။ ကုလားတန်ဘက်စုံစီမံကိန်းနှင့်ပက်သက်၍ မြန်မာပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ချက်ကို ESSAR ကုမ္ပဏီအနေဖြင့် ဖော်ပြနိုင်မည်လား?

## (င) အလုပ်သမားအခြေအနေများ (Labor Conditions)

၁။ ESSAR ကုမ္ပဏီအနေဖြင့် အလုပ်သမားငှားရမ်းသည့် အခါ အလုပ်သမားတစ်ဦးချင်းစီ၏ လုပ်ခလစာ၊ ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံမှုရှိစေရန်စံချိန်စံနှုန်းများကို ကျင့်သုံးခြင်းရှိပါသလား။ ကုလားတန် ဘက်စုံစီမံကိန်းအကောင်အထည်ဖော်ရာနေရာများတွင် အလုပ်သမားများအပေါ် သတ်မှတ်သည့် စံချိန်စံနှုန်းများကို ESSAR ကုမ္ပဏီအနေဖြင့် စောင့်ကြည့် စစ်ဆေးခြင်းရှိပါသလား။

၂။ EASSAR ကုမ္ပဏီအနေဖြင့် ပြည်ပနိုင်ငံများတွင် အခြေခံအဆောက်အဦးဖွံ့ ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်သည့်အခါတွင် ၎င်းဒေသ၏ ဒေသခံအလုပ်သမားများအားငှားရမ်းအသုံးပြုရန် မူဝါဒများရှိပါသလား။

၃။ ESSAR ကုမ္ပဏီအနေဖြင့် ပြည်ပနိုင်ငံများ၌အခြေခံအဆောက်အဦးဖွ ံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်သည့်အခါတွင် အတင်းအဓမ္မလုပ်အားစေခိုင်းမှုမရှိစေရန် အာမခံမှုပေးသည့် မူဝါဒများရှိပါသလား ။

## (စ) ထိန်းချုပ်ထားသောစည်းမျဉ်းမူဘောင် (Regulatory Framework)

၁။ မြန်မာအစိုးရမှ ESSARကုမ္ပဏီအား ကုလားတန်စီမံကိန်းအကောင်အထည်ဖော်ရာတွင် မည်သည့် သဘောတူညီချက် မူဘောင်များအားချမှတ်ထားသနည်း။ မည်သည့်မူဘောင်များအား ESSAR ကုမ္ပဏီအနေဖြင့် လိုက်နာကျင့်သုံးသနည်း။

(ဆ) ကုလားတန် စီမံကိန်းနှင့် ပတ်သက်၍ သေချာသိလိုသည့် မေးခွန်းများ (Questions on specific aspects of the Kaladan Project)

၁။ ESSAR ကုမ္ပဏီအနေဖြင့် စစ်တွေ မှ ပလက်ဝထိရေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသည့် အခါတွင် မြစ်ကြောင်းတလျှောက်နေဒေသခံ ပြည်သူများသည် ယခင်ကဲ့သို့ မြစ်ကြီးအပေါ် မှီခိုအားထားမှုမှာ ပြောင်းလည်းသွားနိုင်သည်ဟု မျှော်မှန်းထားပါသလား။

၂။ ကုလားတန်းမြစ်ကြီးအားတူးဖော်ရာတွင် အနက်နှင့် အကျယ်ကိုမည်ကဲ့သို့ သတ်မှတ်ထားသနည်း ။

၃။ ကုလားတန်စီမံကိန်းတွင် ပြည်တွင်ရေကြောင်းစတင်သည့်အခါ သင်္ဘောများခုတ်မောင်းရန် ရေကြောင်းလမ်းအား မည်သို့စီမံထားသနည်း ။

၄။ ကုန်တင်သင်္ဘောများအနေဖြင့် တစ်ကြိမ်တွင် အများဆုံးအစီးရေမည်မျှ ဖြတ်သန်းမောင်းနှင်မည်နည်း။

၅။ တစ်နေ့အတွင်း စစ်တွေ ရေနက်ဆိပ်ကမ်း နှင့် ပလက်ဝဆိပ်ကမ်းတို့တွင် ကုန်တင်သင်္ဘောမည်မျှ အသုံးပြုမည်နည်း။

၆။ ကုလားတန်ဘက်စုံစီမံကိန်းနှင့် ပက်သက်ပြီး ရခိုင်ပြည်စစ်တွေဆိပ်ကမ်းကို နိုင်ငံတကားသုံးဆိပ်ကမ်းဖြစ်အောင် တခြားနိုင်ငံမှလာသော သင်္ဘောများဆိုက်ကပ်ပိုင်ခွင့်ရှိမရှိ။ ဘယ်လိုအသုံးပြုမည်နည်း?

မိတ္တူကို-

၁။ မြန်မာ့ပို့ဆောင်ရေးဝန်ကြီးဌာန

Office Building No. (5), Nay Pyi Taw
Tel: +95-67-411039 (Head of Office), +95-67-411040 (Office) Fax: +95-67-411038
E-mail: minotran@mptmail.net.mm

၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

10, Pansodan Street, P.O. Box 1, Yangon, Union of Myanmar.
Tel: +95-1 382722, 384732, 384738 Fax: +95-1 295134, 256321, 256336, 391355, 246781
E-mail: mpa@mptmail.net.mm , mpa-sad@mptmail.net.mm

၃။ အိန္ဒိယသံရုံး၊ ရန်ကုန်

545-547 Merchant St, Kyauktada Township,Yangon
Tel: +95-1-388412, 243972 Fax: +95-1-254086, 250164, 388414
E-mail: socsecy@indiaembassy.net.mm

၄။ Arakan National Party (ANP)

၅။ ပလက်ဖလူမှုဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ။